# ရန်ပိုမော်နွေးကျေးရွာ
# လေရှီးမြို့နယ်

အကြောင်းအရာ။ ။ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်၊ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရန်ပိုမော်နွေးကျေးရွာ၊ လေရှီးမြို့နယ်

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်။

ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ ဩဂုတ်(    )ရက်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| **စကားချီး** | | ၁ |
| ရန်ပိုမော်နွေးကျေးရွာသဘာဝအရင်းအမြစ်ပြမြေပုံ၊ လေရှီးမြို့ | | ၂ |
| ရာသီခွင်ပြပြက္ခဒိန် | | ၃ |
| အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် | | |
| **၁။နိဒါန်း** | | |
| | (က)ရည်ရွယ်ချက် | ၄ |
| ၂။ | **ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ** | |
| | (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား | ၄ |
| | (ခ) သဘာဝအရင်းအမြစ်များ | ၄ |
| ၃။ | **ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ** | |
| | (က) လူဦးရေဆိုင်ရာအချက်အလက်များ | ၅ |
| | (ခ) စီးပွားရေးအခြေအနေဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု | ၅ |
| | (ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု | ၅ |
| | (ဃ) ကျန်းမာရေးနှင့်အဟာရ | ၅ |
| | (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | ၅ |
| | (စ) ကျား-မဆိုင်ရာဆက်နွယ်မှု | ၆ |
| ၄။ | **ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ** | |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ် | ၆ |
| | (ခ) သီးနှံ၊သား၊ငါးထုတ်လုပ်ရေးကဏ္ဍ | ၆ |
| | (ဂ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | ၆ |
| | (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု | ၆ |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၆ |
| | (စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၆ |
| | (ဆ) လူငယ်နှင့်ယဉ်ကျေးမှု | ၇ |
| | (ဇ) ခြေခံအဆောက်အဦများအား လက်လှမ်းမီမှုလမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး | ၇ |
| | (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး | ၇ |
| ၅။ | **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ** | |
| | (က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ | ၇ |

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု ၇

**၆။ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ**

(က) ဖွံ့ဖြိုးရေးပန်းတိုင် ၈

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ ၈

**၇။ ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ**

(က) ဦးစားပေးစီမံချက်များ ၉

(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ ၉

**၈။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ**

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း ၁၀ (ခ)

ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် ၁၁-၁၂

**နောင်ဆက်တွဲ (၁) စီမံကိန်းဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ ၁၃

ဇယား(၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ်အခြေအနေ ၁၃

ဇယား(၃) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ ၁၄

ဇယား(၄) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်း ၁၄

ဇယား(၅) ဥစ္စာဓနအဆင့်အခြေအနေ ၁၅

ဇယား(၆) ကျေးရွာ၏စိုက်မျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု ၁၅

ဇယား(၇) အဓိကသီးနှံများနှင့်အထွက်နှုန်း ၁၆

ဇယား(၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ ၁၆

ဇယား(၉) စိုက်ပျိုးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ ၁၇

ဇယား(၁၀) ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှုအခြေအနေ ၁၈

**(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ** ၁၈

ဇယား(၁၁) ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ ၁၈

ဇယား(၁၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး(အသုံးမပြုပါကအကွာအဝေး(မိုင်)အကွက်အောက်ရှိအသုံး
မပြုပါအကွက်တွင် Â ပါ။ ၁၈

ဇယား(၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ ၁၉

ဇယား(၁၄) လျှပ်စစ်မီးရရှိမှုအခြေအနေ ၁၉

ဇယား(၁၅) ဆက်သွယ်ရေးသတင်းအချက်အလက်ဆိုင်ရာနည်းပညာအခြေအနေ ၁၉


| | | |
|---|---|---|
| ဇယား(၁၆) | ကျောင်းတက်နှုန်း | ၂၀ |
| ဇယား(၁၇) | စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ | ၂၀ |
| ဇယား(၁၈) | အဖြစ်များသောရောဂါများ | ၂၁ |
| ဇယား(၁၉) | လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု | ၂၁ |
| ဇယား(၂၀) | ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ | ၂၂ |
| ဇယား(၂၁) | သောက်သုံးရေရရှိနိုင်မှု | ၂၂ |
| ဇယား(၂၂) | အိမ်သာအမျိုးအစား | ၂၃ |
| ဇယား(၂၃) | ကျေးရွာ၏ထိခိုက်နိုင်သည့်ဘေးအန္တရာယ်များအခြေအနေ | ၂၃ |
| ဇယား(၂၄) | သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်အခြေအနေ | ၂၄ |
| ဇယား(၂၅) | ကျား- မ ရေးရာ | ၂၄ |

# စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည်၂၀၁၈–၂၀၁၉ခု၊ဘဏ္ဍာရေးနှစ်မှ၂၀၂၂–၂၀၂၃ခု၊ဘဏ္ဍာရေးနှစ်အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသောလူအများပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ယခုစီမံကိန်းဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများကိုပံ့ပိုးပေးပါသောစိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာနနှင့်စီမံချက်ရေးဆွဲနိုင်ရန်အတွက်လိုအပ်သော ကျေးရွာဆိုင်ရာအချက်အလက်များကို တက်တက်ကြွကြွဖြေကြားပေးကြပါသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တကွ ရပ်မိရပ်ဖများ၊ ရွာသူရွာသားများနှင့် သက်ဆိုင်ရာဦးစီးဌာနများမှဝန်ထမ်းများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင် လိုအပ်သော သတင်းအချက်အလက်များ၊ ကိန်းဂဏန်းများနှင့် လူနေမှုဆိုင်ရာအကြောင်းအရာများကို စစ်တမ်းကောက်ခံရသည့်အတွက်မိမိတို့ကျေးရွာ၏လက်ရှိအခြေအနေများနှင့် ကျေးရွာဆိုင်ရာအချက်အလက်များကိုသိရှိရပါသည်။ ဘက်စုံ၊ ကဏ္ဍစုံတွင် ကြုံတွေ့လာရသည့် အခက်အခဲများကိုလည်း လူအများပူးပေါင်းဆောင်ရွက်ခြင်းဖြင့်ကိုင်တွယ်ဖြေရှင်းတတ်လာသည်။ ထို့အပြင်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကျေးရွာမှကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၊ ဌာနဆိုင်ရာများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ရခြင်းတို့ကြောင့် ရွာသူ/သားများ၏ အတွေးအခေါ်များ၊ စွမ်းဆောင်ရည်များလည်း မြင့်တက်လာခဲ့ပါသည်။


ဤစီမံချက်စာအုပ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့်ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကိုဖော်ပြထားပါသည်။အပိုင်း(ခ)တွင်ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများကိုပူးတွဲဖော်ပြထားပါသည်။



ပှံ၅၉ ဂြယစေ့ကလ ငါးဂိယ

# ရာသီခွင်ပြ ပြက္ခဒိန်

မြို့နယ် - ..[illegible]..............
ကျေးရွာအုပ်စု - ...[illegible]......
ကျေးရွာအမည် - ...[illegible]......




ရက်စွဲ။ ၁၄.၆.၂၀၁၈

## အပိုင်း(က)

## ကျေးရွာဖွံ့ဖြိုးရေးမဟာဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

(က) **ရည်ရွယ်ချက်**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ နိုင်ငံတော်အတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်ဖြစ်ကြောင်း သိရှိရပါသည်။ (၅)နှစ်တာကာလအတွင်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ကျေးရွာဆိုင်ရာအချက်အလက်များ၊ဒေသရှိသဘာဝအရင်းအမြစ်များ၊ဘက်စုံကဏ္ဍစုံတွင် လူအများပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းများသည် ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေပါသည်။

ဤစီမံချက်ရေးဆွဲခြင်းအဖြစ် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်အလေးပေးဆောင်ရွက်ရမည့်လိုအပ်ချက်များကို လူထုကိုယ်တိုင်ဆန်းစစ်ဖော်ထုတ်ပြီးလိုအပ်သော ရန်ပုံငွေများကို ရေးဆွဲလျာထား၍ အကောင်အထည်ဖော်ဆောင်ရွက်သည့် အလေ့အထများ ပိုမိုအားကောင်းစေရန်၊ ရွာသူရွာသူများမှ မိမိတို့အရေးကို မိမိတို့ကိုယ်တိုင် ပါဝင်သုံးသပ်နိုင်စွမ်းရှိစေရန် ၊ မြို့နယ်အဆင့်တာဝန်ရှိသူများက ကျေးရွာအ ခြေအနေများနှင့် ရွာသူရွာသားများ၏ လိုလားချက်များကို သိရှိခြင်းအားဖြင့် မှန်ကန်သောဖွံ့ဖြိုးရေးစီမံကိန်း များကိုချမှတ်ပေးနိုင်စေရန် ရည်ရွယ်ပါသည်။

### ၂။ ကျေးရွာ၏ပထဝီအနေအထားနှင့်သဘာဝအရင်းအမြစ်များ

(က) **တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား**

ကျွန်ုပ်တို့ကျေးရွာသည် အိန္ဒိယနယ်စပ်ကြားတွင် နေထိုင်လျက်ရှိပါသည်။ ကုန်းလမ်းဖြင့်သာလွယ်ကူစွာ သွားလာရပါသည်။ ကျွန်ုပ်တို့ကျေးရွာသည် ပြောင်းရွှေ့တောင်ယာများကို အဓိကလုပ်ကိုင်ကြသည်။ စိုက်ပျိုးရေးမှာလည်း ရာသီအလိုက် ပြောင်း၊ ဘိန်းဥ၊ ကျောက်ဖရုံ၊ ဖရုံကြား၊ သရက်၊ မျောက်ငို စသည်တို့ကို အဓိကစိုက်ပျိုးကြသည်။

**(ခ) သဘာဝအရင်းအမြစ်များ**

လယ်ယာမြေလုပ်ကိုင်သော တောင်သူများမှာ မိုးရေချိန်ကိုသာ အဓိကအားထားပြီး လယ်မြေ ဧက(၁၉)ခန့်ကို ခိုင်းကျွဲများနှင့် ထွန်ယက်လုပ်ကိုင်လျက်ရှိသည်။ မိုးခေါင်သည့်ကာလတွင် စိုက်ပျိုးမှုနောက်ကျခြင်းကြောင့် စပါးထွက်နှုန်းနည်းပြီး အခက်အခဲများစွာ တွေ့ရှိရပါသည်။

၃။ **ကျေးရွာ၏ဖွံ့ဖြိုးရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

ရန်ပိုမော်န္တေးကျေးရွာသည် အိမ်ထောင်စုပေါင်း(၂၆)အိမ်နှင့် ကျား(၅၇)ဦး၊မ(၆၉)ဦးဖြင့် လူဦးရေ ပေါင်း(၁၂၆)ဦး နေထိုင်ကြပါသည်။

**(ခ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းဖြစ်ပြီး အန္ဒိယနိုင်ငံနှင့်နီးသောကြောင့် အိန္ဒိယနိုင်ငံထွက်ပစ္စည်းများ မြန်မာနိုင်ငံသို့ ပို့ဆောင်၍ အရောင်းအဝယ်ဖြစ်သော်လည်းကောင်း၊ မြန်မာနိုင်ငံထွက်ပစ္စည်းများကို အန္ဒိယနိုင်ငံသို့လည်းကောင်း ပို့ဆောင်ဖလှယ်ကာ စီးပွားရေးအရောင်းအဝယ်လုပ်ကိုင်လျက်ရှိပါသည်။ သို့သော် အချိန်နှင့်တပြေးညီဆောင်ရွက်နိုင်ရန် အရင်းအနှီးလိုအပ်နေသောကြောင့် ဝင်ငွေတိုးပွားလာခြင်းမရှိသည့် အခက်အခဲများစွာ ကြုံတွေ့ရပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု**

ကျွန်ုပ်တို့ကျေးရွာသည် ရာသီအလိုက်စိုက်ပျိုးနိုင်ခြင်းမရှိသည့်အတွက် တစ်နှစ်တွင် တစ်ကြိမ်သာ စိုက်ပျိုးနိုင်ခြင်းကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက မိုးတွင်းကာလတွင် စားနပ်ရိက္ခာငတ်မွတ်မှုများကြုံရတတ်သည်။ မြေယာမဲ့လုပ်ကိုင်နေကြသူများ တစ်ပါးသူထံချေးငှါးပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း တွေ့ရှိရပါသည်။

**(ဃ) ကျန်းမာရေးနှင့်အဟာရ**

ကျန်းမာရေးနှင့်ပတ်သက်၍ ကလေးသူငယ်များအာဟာရချို့တဲ့မှုမရှိဘဲ ကျန်းမာရေးကောင်းမွန်ကြပါသည်။ ရာသီဥတုအအေးမမျှတမှုကြောင့် သက်ကြီးပိုင်းများမကြာခဏဖျားနာတတ်သည်။ ကျန်းမာရေးဆေးပေးခန်းရှိသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလွယ်ကူပြီး အရေးပေါ် ကျန်းမာရေးပေါ်ပေါက်လာပါက ဟုမ္မလင်းကုတင်(၁၀၀)ဆေးရုံသို့ သွားရောက်ဆေးကုသခံယူလျက်ရှိပါသည်။

**(င) ပညာရေးနှင့်ကျွမ်းကျင်မှု**

ကျွန်ုပ်တို့ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိပြီး ကျောင်းသူ/သားများအတွက် ယခင်နှစ်ထက် ပညာရေးနှင့်ပတ်သက်၍ အဆင်ပြေမှုများစွာရရှိလာခဲ့သည်ကို တွေ့ရှိရသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု အားနည်းသောကြောင့် လူငယ်များအလုပ်အကိုင် အခွင့်အလမ်းများ နောက်ကျနေကြောင်း သိရှိရသည်။



**(စ) ကျား၊ မ ဆိုင်ရာဆက်နွယ်မှု**

ကျား၊ မ ရေးရာကိစ္စနှင့်ပတ်သက်၍ အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့နှင့်ယဉ်ကျေးမှုအဖွဲ့များ ဖွဲ့စည်းထားမှုကြောင့်လူမှုဆက်ဆံရေးအဆင်ပြေပါသည်။ကျေးရွာရှိ အချို့သောအဖွဲ့အစည်းများတွင် အချို့သောအမျိုးသမီးများပါဝင်မှု ရှိသော်လည်း အုပ်ချုပ်ရေးပိုင်းတွင် အမျိုးသမီးများပါဝင်မှုအား နည်းနေကြောင်း တွေ့ရှိရပါသည်။

**၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်**

ကျေးရွာတွင် ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများ၊ ကျန်းမာရေး၊ ပညာရေး၊ အမျိုးသမီး၊ လူငယ်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများရှိပြီး ကဏ္ဍအလိုက်ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေကြသော်လည်းကျွမ်းကျင်မှုအားနည်းခြင်း၊ချိတ်ဆက်မှုအားနည်းသောကြောင့်စီမံအုပ်ချုပ်ရေးနှင့်ဖွံ့ဖြိုးရေးတို့တွင်အခက်အခဲများနှင့် ကြုံတွေ့ရလေ့ရှိပါသည်။

**(ခ) သီးနှံ၊ သား၊ ငါးထုတ်လုပ်ရေးကဏ္ဍ**

တောင်သူများသည် စပါးကိုအဓိကထားစိုက်ပျိုးကြပြီး မြေပဲ၊ မုန်ညင်း၊ အာလူး၊ ပဲအမျိုးမျိုး၊ သီးနှံအမျိုးအမျိုးကိုစိုက်ပျိုးကြပါသည်။ မွေးမြူရေးကဏ္ဍမှာလည်း နွား၊ ကြက်၊ ဝက်တို့ကိုအသင့်အတင့်တစ်ပိုင်တစ်နိုင်မွေးမြူကြသည်။ ရွာအနီးရှိချောင်းကြီး(နန်းသလက်ချောင်း)နှင့် အခြားချောင်းငယ်များတွင်သားငါးများကိုရှာဖွေကြပါသည်။

**(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းများ**

စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းအနေဖြင့် ကြုံရာကျပန်းနေ့စားအလုပ်များဖြင့်သာ အဓိကလုပ်ကိုင်နေရပါသည်။ ကျေးရွာအတွင်း အလုပ်အကိုင်ရှားပါးမှု ကြောင့် အခြားဒေသများသို့ သွားရောက်လုပ်ကိုင်ကြပါသည်။

**(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု**

ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များကို စီမံခန့်ရာတွင် အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်မှုမရှိခြင်း၊ မလိုအပ်ပဲသစ်ဝါးများခုတ်ယူခြင်းများရှိသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်မှုအားနည်းသည်။အသိပညာပေးဟောပြောပွဲများပြုလုပ်ရန်လိုအပ်သည်။သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုအနေဖြင့် ကျေးရွာမှ တစ်ဖာလုံပတ်လည်အတွင်းသစ်တောများကို ရွာကြိုးဝိုင်းအဖြစ် အတတ်နိုင်ဆုံး ထိန်းသိမ်းကာကွယ်ကြပါသည်။

**(င) ပညာရေး၊ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ပညာရေးနှင့်ပတ်သက်၍ အခြေခံပညာမူလတန်းကျောင်းရှိပြီး ဆရာ/မအင်အား နည်းနေကြောင်းလေ့လာတွေ့ရှိရသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ မသန့်ရှင်းသော ချောင်းရေသောက်နေရခြင်းကြောင့် ကလေးများဝမ်းကိုက်ရောဂါမကြခဏဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ယင်လုံအိမ်သာများသုံးစွဲနေမှုကြောင့် ယင်းကြောင့် ဖြစ်ပွားမှုရောဂါနည်းပါးကြောင်း တွေ့ရှိရသည်။

၆

**(စ) လူငယ်နှင့်ယဉ်ကျေးမှု**

လူငယ်များသည် အရွယ်လိုက် လိုက်စားပြီးနောက် လူငယ်အဖွဲ့ဖွဲ့စည်းကာ သာရေး၊ နာရေး၊ လူမှုရေးလုပ်ငန်းများအတွက် တက်တက်ကြွကြွပါဝင်မှုရှိသည်။ ယဉ်ကျေးမှုနှင့်ပတ်သက်၍ နှစ်စဉ်အလိုက် အားကစားပြိုင်ပွဲ၊ သီချင်းပြိုင်ပွဲ၊ ရိုးရာအကပြိုင်ပွဲ စသည့်ရိုးရာပြိုင်ပွဲများ မပပျောက်အောင်ထိန်းသိမ်းပေးရပါသည်။

**(ဆ) အခြေခံအဆောက်အဦများအား လက်လှမ်းမီမှုလမ်းတံတား၊လျှပ်စစ်စွမ်းအားသတင်းနှင့် ဆက်သွယ်ရေး**

ကျွန်ုပ်တို့ကျေးရွာသည် နန်းမီးချောင်းနံဘေးပြန့်တွင် ရွာတည်ပြီး ၁၉၉၅ခုနှစ်၊ မေလ(၁၇)ရက်နေ့ မိုးရွာသွန်းမှုကြောင့် တစ်ရွာလုံးအိမ်များရေမျှောပါသွားကာ အိုးမဲ့အိမ်မဲ့ခံစားခဲ့ရပါသည်။ ၎င်းနောက် ရေလွတ်ရာ တောင်ကုန်းပေါ်ရွာတည်ဆောက်ရာ မိုးရာသီ၌ ရွာတွင်းလမ်းသွားရေးလာရေးခက်ခဲမှုများ ကြုံတွေ့နေရပါသည်။ မီးလင်းရေးနှင့်ပတ်သင်ပြီး တစ်အိမ်သုံးဆိုလာများဖြင့် အသုံးပြုလျက်ရှိပါသည်။

**(ဇ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် မှုခင်းဖြစ်ပွားမှုနည်းပါးပါသည်။ မူးရစ်ဆေးဝါးသုံးစွဲသူအနည်းငယ်ရှိပါသည်။

မူးရစ်ဆေးဝါးသုံးစွဲမှုနှင့် စားတတ်နေရေးအခက်အခဲများကြောင့် အကျင့်စာရိတ္တပျက်ပြားမှုများရှိပါသည်။ မူးရစ်ဆေးဝါးသုံးစွဲသူများအား ပညာပေးဟောပြောပွဲများ၊ မူးရစ်ဆေးဝါးတိုက်ဖျက်နိုင်ရေး နည်းပညာဝန်ဆောင်မှုများလိုအပ်လျှက်ရှိသည်။

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများ နှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ**

**(က)ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**

ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများမှာ ရွာချင်း

ဆက်လမ်းများအသင့်အတင့် ကောင်းမွန်သောကြောင့် လမ်းပန်းဆက်သွယ်ရေးနှင့်ရောင်းဝယ်ရေး အတွက် မိုးတွင်းအချိန်၌ စက်လှေများဖြင့် သွားလာနိုင်သည်။ မိုးတွင်းအချိန်၌ နန်းသလက်ချောင်းကြီးသည် မိုဒွန်ဖိုင်မှထမံသို့သွားလာရခက်ခဲပါသည်။ မြေဆီလွှာအသင့်အတင့်ရှိသောကြောင့်လယ်ယာစိုက်ပျိုးရေး ဖော်ထုတ်ရန်အခြေအနေကောင်းသော်လည်း နည်းပညာများ

လိုအပ်လျှပ်ရှိသည်။

ချောင်းနံ့ဘေးအနီးတွင်လည်းသဲ၊နွန်းမြေများပေါသောကြောင့်ဆောင်းသီနံများစိုက်ပျိုးဖြစ်ထွန်းပါသည်။နွား၊ဝက်၊ကြက်များကိုလည်းတစ်ပိုင်တစ်နိုင်မွေးမြူကြသည်။

**(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု**

ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသောအရာများမှာ လယ်ယာမြေများသည် မြေသြဇာအသင့်အတင့်ကောင်းမွန်သော်လည်း မိုးရေကိုသာအဓိကအားထားရသဖြင့် မိုးခေါင်သောနှစ်များတွင်လယ်ယာမြေအောင်မြင်မှုနှောက်နှေးပြီးစားဝတ်နေရေးခက်ခဲမှုများကြုံတွေ့ရသည်။ ထို့ကြောင့် လယ်ကွက်များအတွက် ဆည်မြောင်းများ ရေလှောင်ကန်များ တည်ဆောက်ပေးရန်လိုအပ်လျှက်ရှိသည်။



**၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ဖွေလင်ကျေးရွာလူထုအနေဖြင့် ခေတ်မှီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေးစီနိုင်ငံနှင့်အညီ ကျွန်ုပ်တို့ကျေးရွာသည်လည်း ပညာရေး၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်အခြားလူမှုရေးကဏ္ဍပေါင်းစုံ၌ ခေတ်မှီဖွံ့ဖြိုးတိုးတက်သော ကျေးရွာဖြစ်ရေးအတွက် ပန်းတိုင်ဖြစ်ပါသည်။ထို့အပြင်လူထု၏အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုရှိပြီး မိမိတို့၏ စားဝတ်နေရေးအကျိုးစီးပွားကို တည်ငြိမ်အေးချမ်းစွာဖြင့် လုပ်ကိုင်စားသောက်နေထိုင်ရေးကိုမျော်မှန်းပါသည်။

ထိုသို့ခေတ်မှီဖွံ့ဖြိုးတိုးတက်သော ကျေးရွာတစ်ရွာဖြစ်ရေးအတွက် မြို့နယ်သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၏ ဖွဲ့လုံ့လ၊ဝိရိယဖြင့် ကြိုးစားဆောင်ရွက်အကောင်အထည်ဖော်မည်ဖြစ်ပါသည်။

**(ခ) အကောင်အထည်ဖော်နည်းပညာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(ဂ) **စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အရင်းအနှီးငွေ**

နည်းပညာများအသုံးချနိုင်စွမ်းရှိလာအောင် အစိုးရဌာန(သို့မဟုတ်) အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးရမည်။ အရင်းအနှီးငွေရရှိလာပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ခွဲဝေချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။



**၇။ ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ**

**(က) ဦးစားပေးစီမံချက်**

| စဉ် | စီမံချက်လုပ်ငန်းအမည် | အဖွဲ့ (၁) | အဖွဲ့ (၂) | အဖွဲ့ (၃) | အဖွဲ့ (၄) | အဖွဲ့ (၅) | အဖွဲ့ (၆) | အဖွဲ့ (၇) | စုစုပေါင်းရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာခန်းမဆောင် | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၇၀ | ၁ |
| ၂။ | ရွာတွင်းလမ်း | ၇ | ၅ | ၁၀ | ၅ | ၈ | ၇ | ၁၀ | ၅၂ | ၂ |
| ၃။ | ရေအားလျှပ်စစ် | ၆ | ၅ | ၇ | ၁၀ | ၉ | ၅ | ၈ | ၅၀ | ၃ |
| ၄။ | လယ်ယာမြေဖော်ထုတ်ခြင်း | ၅ | ၉ | ၂ | ၈ | ၅ | ၁၀ | ၆ | ၄၅ | ၄ |
| ၅။ | ရွာချင်းဆက်လမ်း | ၃ | ၅ | ၈ | ၁၀ | ၈ | ၆ | ၄ | ၄၄ | ၅ |

**(ခ)အကောင်အထည်ဖော်မည့်အချိန်ကာလ**

| စဉ် | စီမံချက်လုပ်ငန်းအမည် | ဦးစားပေးအဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာခန်းမဆောင် | ၁ | ✓ | | | | |
| ၂။ | ရွာတွင်းလမ်း | ၂ | | ✓ | | | |
| ၃။ | ရေအားလျှပ်စစ် | ၃ | | | ✓ | | |
| ၄။ | လယ်ယာမြေဖော်ထုတ်ခြင်း | ၄ | | | | ✓ | |
| ၅။ | ရွာချင်းဆက်လမ်း | ၅ | | | | | ✓ |

## ၈။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁။ | ဦးထန်ခိုမန် | ဦးငမ်ခိုဆေး | ၅/လရန(နိုင်) ၀၀၃၃၇၈ | ၄၉ | ဥက္ကဋ္ဌ | |
| ၂။ | ဦးဒိုယထန် | ဦးရမ်ခိုမန် | ၅/လရန(နိုင်) ၀၀၃၆၅၄ | ၃၈ | ဘဏ္ဍာရေးမှူး | |
| ၃။ | ဦးငမ်ခိုပေါင် | ဦးငမ်ခိုဆေး | ၅/လရန(နိုင်) ၀၀၈၂၀၇ | ၃၈ | စာရင်းကိုင် | |
| ၄။ | ဦးထန်ခိုဟော | ဦးလက်ခိုလွန်း | ၅/လရန(နိုင်) ၀၀၈၂၁၇ | ၃၂ | အဖွဲ့ဝင် | |
| ၅။ | ဦးလွန်မင်လင်း | ဦးဟင်ခိုထန် | ၅/လရန(နိုင်) ၀၀၉၃၇၅ | ၃၄ | အဖွဲ့ဝင် | |
| ၆။ | ဦးရမ်ခိုလွန်း | ဦးရန်ခိုလတ် | ၅/လရန(နိုင်) ၀၀၈၁၇၁ | ၅၆ | အဖွဲ့ဝင် | |
| ၇။ | ဦးထိန်ခိုငမ် | ဦးလွန်ခိုရန် | ၅/လရန(နိုင်) ၀၃၃၇၈ | ၃၃ | အတွင်းရေးမှူး | |

(ခ) ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်

**ရပ်မိရပ်ဖအဖွဲ့**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်း | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းမှုအားနည်းခြင်း | -မိသားစုစားဝတ်နေရေးခက်အခဲများရှိခြင်း<br>-ပုဂ္ဂိုလ်ဆွဲ၊ပါတီဆွဲများဖြစ်ခြင်း<br>-ဖွံ့ဖြိုးရေးလုပ်ငန်းအသိ မြင်အားနည်းခြင်း | -အဖွဲ့အစည်းများဖွဲ့စည်းထားရှိခြင်း၊<br>-အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း | -ပူးပေါင်းဆောင်ရွက်ရန်လှုံ့ဆော်မှုအားနည်းခြင်း<br>-ချိတ်ဆက်ဆောင်ရွက်နိုင်မှုအားနည်းခြင်း<br>-အဖွဲ့အစည်းများကြားချမှတ်ထားသောစည်းကမ်းလိုက်နာမှုအားနည်းခြင်း | -အများအကျိုးဆောင်ရွက်လိုစိတ်များဖြစ်ပေါ်လာစေရန်စည်းရုံးလှုံ့ဆော်ခြင်း<br>-အဖွဲ့အစည်းဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်း၊<br>-သင်တန်းဝန်ဆောင်မှုပေးသောအဖွဲ့အစည်းအစည်းနှင့် ချိတ်ဆက်ခြင်း | -အဖွဲ့အစည်းဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်းသင်တန်းများပို့ချပေးခြင်း<br>-သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်ခြင်း၊<br>-သင်တန်းများဖွင့်လှစ်နိုင်ရန် ဖန်တီးပေးခြင်း |

**တောင်သူအဖွဲ့**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်း | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | စိုက်ပျိုးရေးအခက်အခဲရှိခြင်း | လယ်ယာမြေနည်းပါးခြင်း | လယ်ယာမြေဖော်ထုတ်ရန်မ မြေကွက်များရှိခြင်း | လယ်ယာဖော်ထုတ်ရန်ငွေကြေးမလုံလောက်ခြင်း | လယ်ယာမြေသစ် ဖော်ထုတ်နိုင်ရေး ရပ်မိရပ်ဖအုပ်ချုပ်ရေးလုပ်ငန်းရှင်၊ အလှူရှင်ပေါင်းစပ် ဆောင်ရွက်သွားမည်။ | |

**စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအဖွဲ့**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်း | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | အသေးစားစီးပွားရေးလုပ်ငန်းများအတွက်အရင်းအနှီးမရှိခြင်း | -ချေးငွေဝန်ဆောင်မှုများနှင့်ချိတ်ဆက်မှုအားနည်းခြင်း<br>-လက်လှမ်းမမီခြင်း | -နယ်စပ်ဒေသဖြစ်ခြင်း<br>-အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်နိုင်ခြင်း | -စားဝတ်နေရေးဖြေရှင်းနေရခြင်း<br>-ငွေပိုငွေလျှံမစုမိခြင်း | -ချေးငွေဝန်ဆောင်မှုများနှင့်ချိတ်ဆက်ခြင်း<br>-အလုပ်အကိုင်အခွင့်အလမ်းများရှာဖွေခြင်း | -ချေးငွေများရရှိရန်ဆောင်ရွက်ခြင်း |

**လူငယ်အဖွဲ့**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်း | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | ရိုးရာယဉ်ကျေးမှုနှင့်စာပေထိန်းသိမ်းမှုအားနည်းခြင်း | -နယ်စပ်ဒေသဖြစ် ခြင်း<br>-နယ်စပ်ယဉ်ကျေးမှုများကူးစက်ပျံ့နှံ့ခြင်း<br>-ယဉ်ကျေးမှုနှင့်စာပေအဖွဲ့များရှိခြင်း | ဖောက်လုပ်ရန် မြေနေရာရှိပြီးလူငယ်များတက်ကြွပါ ဝင်လုပ်ကိုင်ချင်စိတ်ရှိခြင်း | ငွေကြေးနှင့်စက်ယန္တရားမရှိခြင်း | ရပ်မိရပ်ဖ၊ အုပ်ချုပ်ရေးအဖွဲ့များမှသက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက် ခြင်း | ကျေးရွာရှိတာဝန်ရှိသူများမှသွားလာရေးအဆင်ပြေစေရန် စီမံဆောင်ရွက်ခြင်း |

**အမျိုးသမီးအဖွဲ့**

| စ | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း | အဆိုပြုစီမံချက်နှင့် |
|---|---|---|---|---|---|---|

| ဉ် | | | | | လမ်း | လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | အုပ်ချုပ်ရေးပိုင်းတွင် ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း | -အိမ်မှုကိစ္စများဆောင် -အုပ်ချုပ်ရေးပိုင်းတွင် ပူးပေါင်းရန်စွန့်စားလိုစိတ်အားနည်းခြင်း | -အုပ်ချုပ်ရေးပိုင်းတွင်အမျိုးသမီးများအားနေရာပေးရန်လမ်းဖွင့်ပေးထားခြင်း၊ | ငွေကြေးမလုံလောက်ခြင်း သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်မှုအားနည်းခြင်း | သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ပြီးပူးပေါင်းဆောင်ရွက် ခြင်း | ခေါင်းဆောင်မှုသင်တန်းများ တက်ရောက်ခြင်း၊<br>-အမျိုးသမီးစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းများဖွင့်လှစ်ခြင်း |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** |
|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၂ | ၅ | ၇ |
| ၁ နှစ် မှ ၄ နှစ်အထိ | ၅ နှစ် အောက်ကလေးငယ် | ၁၂ | ၅ | ၁၇ |
| ၅ နှစ် မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၅ | ၁၇ | ၂၂ |
| ၁၀ နှစ် မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၈ | ၄ | ၁၂ |
| ၁၅ နှစ် မှ ၆၄ နှစ်အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၆ | ၂၇ | ၅၃ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၃ | ၇ | ၁၀ |
| | **စုစုပေါင်း** | **၅၆** | **၆၅** | **၁၂၁** |
| စုစုပေါင်း အိမ်ထောင်စု – ၂၆ | | | | |

ရင်းမြစ်….(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာတွင် အိမ်ခြေ(၂၆)၊ လူဦးရေ(၁၂၆)ယောက်သာရှိ၍ ကျောင်းနေအရွယ်ကလေးမှာ လူဦးရေစာရင်းအရ နည်းပါးနေကြောင့် လေ့လာသုံးသပ်မိပါသည်။ သို့ဖြစ်ပါ၍ ကလေးမွေးဖွားနိုင်သောမိခင်များနည်းမှုကြောင့် လူဦးရေတိုးနှုန်းအားနည်းကြောင်း လေ့လာသုံးသပ်မိပါသည်။

**(၂) သဘာဝရင်းမြစ်များနှင့်ရာသီဥတုအခြေအနေ**

**(၂-၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ်များ**

ဇယား(၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ်အခြေအနေ

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)** |
|---|---|---|
| လယ်မြေ | – | သင့် |
| ယာမြေ / တောင်ယာ | ၁၉ | သင့် |
| ဥယျာဉ်ခြံမြေ | ၁၀ | သင့် |
| ကိုင်း/ကျွန်းမြေ | – | ညံ့ |
| ဓနိတောမြေ | – | ညံ့ |
| စားကျက်မြေ | – | ညံ့ |
| မြေလွတ် မြေလပ် | ၂၀ | သင့် |
| **စုစုပေါင်း** | **၄၉** | |

ရင်းမြစ်….(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာ၏ လယ်မြေပိုင်ဆိုင်မှုမှာ(၁၉)ဧကသာရှိပြီး ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်သူများနေသည်ကိုတွေ့ရှိရသည်။ လယ်ယာမြေတူးဖော်ရန် စက်ယန္တရားနှင့် နည်းပညာများမရှိသောကြောင့် လယ်မြေတိုးချဲ့ရန် အခက်အခဲရှိနေပါသည်။



## (၂-၂) ဓါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား(၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု<br>(များ၊ သင့်၊ နည်း၊ မရှိ) | အသုံးချနိုင်မှု<br>(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ကာဗွန်(ဓါတ်ငွေ့/ရေနံ) | မရှိ | |
| ဓါတ်သတ္တု(ကျောက်မျက်၊ သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊သဲ)စသည့် | ညံ့ | ခက် |
| အခြားသဘာဝအရင်းအမြစ် | - | - |
| တိရစ္ဆာန်မျိုးစိတ်များ(လူ၊ တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | နည်း | လက်လှမ်းမမှီ |
| ပျမ်းမျှအပူချိန် | ပျမ်းမျှမိုးရေချိန်- | |

ရင်းမြစ်-----ဦးတည်အုပ်စု ဆွေးနွေးခြင်း -ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ကျွန်ုပ်တို့ကျေးရွာသည် ကျောက်နှင့်ကျောက်စရစ်၊သဲစသည်များရှိသော်လည်းရွာနှင့်(၅)မိုင်လောက်ဝေးသောနေရာတွင်သာရှိသောကြောင့်သယ်ယူရန် အခက်အခဲရှိခြင်း၊ လူသွားလမ်းရှိပြီး ကားလမ်းမရှိသောကြောင့် တိုးတက်မှုနှောင့်နှေးနေသည်ကိုလေ့လာတွေ့ရှိရသည်။

## (၃) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

ဇယား (၄) ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | ဘာသာရေး | ၁ | ပညာရေး၊ငွေကြေး၊ ကျန်းမာရေး၊ဘာသာရေး၊ လူမှုဖွံ့ဖြိုးရေး | သင့် |
| ၂ | အမျိုးသမီး | ၂ | ကျန်းမာရေး၊ဘာသာရေး၊ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး | ညံ့ |
| ၃ | ယဉ်ကျေးမှု | ၃ | ကျန်းမာရေး၊ဘာသာရေး၊ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး | ကောင်း |
| ၄ | လူငယ် | ၃ | ပညာရေး၊ငွေကြေး၊ကျန်းမာရေး၊ဘာသာရေး၊စိုက်ပျိုးမွေးမြူရေး | သင့် |
| ၅ | | | ဘာသာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး၊လုံခြုံရေးနှင့်ကာကွယ်ရေး | |

ရင်းမြစ်......ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အသိပညာ၊ အတတ်ပညာနည်းပါးမှုကြောင့် အဖွဲ့အစည်းများစည်းလုံးညီညွတ်မှု အားနည်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများကြုံတွေ့နေရပါသည်။



## (၄) စီးပွားရေးနှင့်အသက်မွေးအခြေအနေ

### (၄-၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား(၅) ဥစ္စာဓနအဆင့်အခြေအနေ

| **အကြောင်းအရာ** | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
|---|---|---|---|---|
| မြေယာပိုင်ဆိုင်မှု | ၁၀ ဧက | ၈ ဧက | ၆ ဧက | ၂ ဧက |
| အိမ်အခြေအနေ | ပျဉ်ထောင်/ခင်း သွပ်မိုး | ပျဉ်ထောင်/ခင်း သွပ်မိုး | ဝါးထရံ၊ မြေစိုက်၊ ရှန်းမိုး | ဝါးထရံ၊ မြေစိုက်၊ ရှန်းမိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | - | - | - | - |
| အဓိကဓိကစီးပွားရေ လုပ်ငန်း | စိုက်ပျိုးရေး၊မွေးမြူရေး | စိုက်ပျိုးရေး၊မွေးမြူရေး | စိုက်ပျိုးရေး | ကျပန်းအလုပ် |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ခိုင်းကျွဲ | ခိုင်းကျွဲ | ခိုင်းကျွဲ | မပိုင် |
| **အိမ်ထောင်စု** | **၁၀** | **၈** | **၆** | **၂** |

ရင်းမြစ်....(၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာသည် လယ်မြေပိုင်ဆိုင်သည့်အိမ်ထောင်စုလူဦးရေနည်းပါးပြီး လယ်မြေဖော်ထုတ်ရန် စက်ယန္တရားကိရိယာနည်းပညာများ လိုအပ်လျက်ရှိသည်။ ကျေးရွာနေပြည်သူအများ စုမှာ တောင်သူလုပ်ငန်းလုပ်ကိုင်ခြင်း ပညာတတ်နည်းပါးခြင်းနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အဆင်မပြေမှုများသောကြောင့် ပျဉ်ခင်း/ဝါးကာ၊ ရှန်းမိုးဖြင့်သာ ဆောက်လုပ်နေထိုင်လျက်ရှိကြပါသည်။

### (၄-၂) **သီးနှံထုတ်လုပ်ရေး**

#### (၄-၂-၁) **စိုက်ပျိုးမြေဧရိယာ**

ဇယား(၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| **စဉ်** | **မြေပိုင်ဆိုင်မှုအရွယ်အစား** | **အိမ်ထောင်စု** | **ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်** |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၆ | မြေမဲ့ယာမဲ့ |

| | | | |
|---|---|---|---|
| ၂ | ၂.၅ ကေအောက် | ၂၀ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေ မှ ၅ ကေ ကြား | ၁ | တောင်သူငယ် |
| ၄ | ၅ ကေ မှ ၁၂.၅ ကေကြား | - | တောင်သူလတ် |
| ၅ | ၁၂.၅ ကေ အထက် | - | တောင်သူကြီး |
| | ကျေးရွာအိမ်ထောင်စုစုစုပေါင်း | **၂၆** | |

ရင်းမြစ်.....(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ကျွန်ုပ်တို့ကျေးရွာသည် မြေရိုင်း၊ မြေလတ်ရှိနေသော်လည်း လယ်ယာမြေအသစ်တူးဖော်ရန် ငွေကြေးအခက်အခဲရှိနေခြင်း၊ ယခင်ဘိုးဘွားကမြေကွက်များသာ လူအင်အားဖြင့် တိုးချဲ့တိုးချဲ့နေသောကြောင့် လယ်မြေတိုးချဲ့ရန်စက်ယန္တရားနည်းပညာများ လိုအပ်နေသည်။



## (၄-၂-၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား(၇)** အဓိက သီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ကေ | တစ်ကေအထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု(နည်း၊ သင့်၊ များ) ရှင်းလင်းဖော်ပြချက် | | | |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | | | | |
| စပါး | ၂၀ | တင်း | ၃၀ | ၅၀ | ၄၀ | | | | |
| ပြောင်း | | | | | | | | | |
| အာလူး | | | | | | | | | |

ရင်းမြစ်....ဦးတည်အုပ်စု ဆွေးနွေးခြင်း-လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာတွင် အဓိကသီးနှံမှာ စပါးကိုသာ အဓိကအားထားစိုက်ပျိုးကြပါသည်။ စပါးအထွက်နှုန်းအများဆုံးမှာ တင်း(၅၀)ဖြစ်ပြီး၊ အနည်းဆုံးမှာ တင်း(၃၀)ရရှိပါသည်။ စပါးအထွက်နှုန်းနည်းခြင်းကြောင့် လယ်မြေကေတိုးချဲ့ရေးနှင့် စပါးထွက်နှုန်းတိုးမြင့်စေရန်အတွက် နိုင်ငံတော်မှ နည်းပညာပံ့ပိုးမှုများ လိုအပ်လျက်ရှိကြောင်း သုံးသပ်မိပါသည်။

(၄-၃) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းအခြေအနေ

ဇယား(၈) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| **မွေးမြူရေးနှင့်ငါးလုပ်ငန်း** | **မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု** | **ကောင်ရေ** |
|---|---|---|
| နွား | | |
| နို့စားနွား | | |
| ကျွဲ | ၁၀ | ၂၇ |
| မြင်း | | |
| မြည်း | | |

| | | |
|---|---|---|
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၃ | ၉ |
| ကြက် | ၂၆ | ၂၂၉ |
| ဘဲ | | |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | | |
| ရေချိုငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း တောင်သူလယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာတွင် ကြက်၊ ဝက်၊ ကျွဲစသည်တို့များကို စားသုံးသူအဖြစ်ငင်း၊ စီးပွားရေးအဖြစ်ငင်း မွေးမြူကြပါသည်။ စီးပွားရေးအဖြစ် မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်ချင်သော်လည်းအရင်းအနှီးလုံလောက်မှုမရှိသောကြောင့် စီးပွားရေးတိုးမြှင့်ရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။



## (၄-၄) **စိုက်ပျိုးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ**

ဇယား(၉) စိုက်ပျိုးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ(ထုတ်ကုန်လုပ်ငန်းနှင့်ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း/အလုပ်သမားအရေအတွက် | မိသားစုဝင်လုပ်အား | ရပ်တည်နိုင်မှု(နိမ့်၊ လတ်၊ မြင့်)နှင့်ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ကျောက်၊ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်ဓါတ်ငွေ့နှင့်ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | | | | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | | | | |
| ၇ | လက်လီလက်ကားရောင်းဝယ်ရေး | | | | |

| | | | | | |
|---|---|---|---|---|---|
| ၈ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | | | | |
| ၁၀ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်၊ ငွေချေးခြင်းလုပ်ငန်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်း နှင့်ဆက်စပ်သောလုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | | ၂ | | |
| ၁၃ | ကျန်းမာရေး | | | | |
| ၁၄ | လူမှုရေးလုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | | | |
| ၁၆ | စုစုပေါင်းသက်မွေးလုပ်ကိုင်သူဦးရေ | | | | |

ရင်းမြစ်.... ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ စိုက်ပျိုးရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု၊ လူငယ်အုပ်စု

**လေ့လာတွေ့ရှိချက်။** ပညာရေး၊ ကျန်းမာရေး၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစစအရာရာအားနည်းနေကို သိရှိရပါသည်။ အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင်လည်း အသိပညာဗဟုသုတနည်းပါးခြင်းကြောင့် အောင်မြင်မှုအခွင့်အလမ်းနည်းလာပြီး မိသားစုစားဝတ်နေရေး အခက်အခဲများကြုံတွေ့ရသည်။



(၅) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

**(၅-၁) ဈေး**

ဇယား(၁၀) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်လက်လှမ်းမှီမှုအခြေအနေ

| **ဈေးကွက်လက်လှမ်းမှီမှု** | **အနီးဆုံးဈေး (အနီးဆုံးတစ်ခုကိုသာဖော်ပြပါရန်)** | **အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)** |
|---|---|---|
| ဈေးအမည်(မြို့/ရွာ) | မောခမ်း | |
| ရွာမှ အကွာအဝေး(မိုင်) (အနီးစပ်ဆုံးတစ်ခုကိုခန့်မှန်းပြီး ရွေးချယ်ရန်) | ၁မိုင် မှ ၅ မိုင် | ၁၀၀မိုင်အထက် |
| သယ်ယူပို့ဆောင်ရေးနည်းလမ်း | ခြေလျင်၊ ဆိုင်ကယ် | ဆိုင်ကယ်၊ စက်လှေ |

ရင်းမြစ်....ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ လယ်သမားအုပ်စု၊ အမျိုးသမီးအုပ်စု၊ စိုက်ပျိုး မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်သူအုပ်စု၊ လူငယ်အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာသည် အနီးဆုံးဈေးကွက်အနေဖြင့် ရွာမှထွက်ရှိသော ရောင်းကုန်များကို ပွင့်လင်းရာသီတွင် ဖွေလင်မှ နောင်ပင်ကျေးရွာသို့ ခြေလျင်ဖြင့်သော်လည်းကောင်း၊ ဆိုင်ကယ်ဖြင့်သော်လည်းကောင်း ဟုမ္မလင်းမြို့သို့ စက်လှေဖြင့် သယ်ယူပို့ဆောင်ရောင်းချလျက်ရှိပါသည်။

**(၅-၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ**

**ဇယား(၁၁) ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ**

| လမ်းအမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက်သုံးစွဲနိုင်မှု | လမ်းအရှည်(မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ | ညံ့ | ပွင့်လင်းရာသီ | ၁ မှ ၃ မိုင် |
| ချဉ်းကပ်လမ်း | ၁ | ညံ့ | | ၃ မိုင် မှ ၆ မိုင် |
| ရွာချင်းဆက်လမ်း | ၁ | ညံ့ | | ၅ မိုင် မှ ၁၀ မိုင် |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်**။ ကျွန်ုပ်တို့ကျေးရွာသည် ရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းဆောင်ရွက်ပေးမှုမရှိသေးပါ၊ ရွာချင်းလမ်းမှာ လူအင်အားဖြင့်သာ ဆောင်ရွက်ထားခြင်းကြောင့် ဆိုင်ကယ်ဖြင့်သွားလာရာတွင်လည်း အခက်အခဲကြုံနေရပါသည်။

(၅-၃) **ရေကြောင်းသယ်ယူပို့ဆောင်ရေး**

ဇယား(၁၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး(အသုံးမပြုပါက အကွာအဝေး(မိုင်) အကွက်အောက်ရှိ အသုံးမပြုပါအကွက်တွင် Â ပါ။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက်သုံးစွဲမှု |
|---|---|---|---|
| မြစ်ကြောင်း | ၂၀မိုင် | စက်လှေ၊ သမ္ဗာန် | ရာသီအလိုက် |
| ပင်လယ်ရေကြောင်း | Â | - | - |

ရစ်မြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း၊ ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်ကျေးရွာ၏ ရေကြောင်းသယ်ယူပို့ဆောင်ရေးမှာ မိုးအခါတွင်သာ နန်ဖီချောင်းမှတဆင့် ချင်းတွင်းမြစ်သို့ သယ်ယူပို့ဆောင်ရပါသည်။



(၅-၄) **သယ်ယူပို့ဆောင်ရေးယာဉ်များနှင့်ဝန်ဆောင်မှုများ**

ဇယား(၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန်၊ | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | ၁ | ၁ | - | ၇ | - | - | - | - | - |

ရင်းမြစ်…အိမ်ထောင်စုစာရင်းကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့ကျေးရွာသည် ဆိုင်ကယ်အနည်းငယ်သာရှိသော်လည်း မိုးတွင်းကာလတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ပွင့်လင်းရာသီမှသာ ချောမောစွာသွားလာနိုင်သည်ကို တွေ့ရသည်။ နယ်မြေလုံခြုံမှုမရှိသောကြောင့် သယ်ယူပို့ဆောင်ရေးခက်ခဲပြီး သွားလာရေးအဆင်မပြေမှုများကြုံရပါသည်

(၅-၅) **လျှပ်စစ်မီးရရှိမှု**

ဇယား(၁၄) လျှပ်စစ်မီးရရှိမှုအခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| မဟာဓါတ်အားလိုင်း | - | - | - |
| ဆိုလာစနစ် | ၂၆ | သင့် | မရှိ |
| အသေးစားရေအားလျှပ်စစ် | - | - | - |
| ဒီဇယ်သုံးအင်ဂျင် | ၁ | သင့် | ရှိ |
| လေစွမ်းအား | - | - | - |
| ဇီဝလောင်ဇာ | - | - | - |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်ဓါတ်အားပေးစနစ် | - | - | - |
| လျှပ်စစ်မီးအသုံးမပြုနိုင်သော | | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့ကျေးရွာတွင် နိုင်ငံတော်မှ ဆိုလာမီးလင်းရေးအတွက် ချထားပေးခဲ့သော်လည်း တစ်ချို့မှာ ပျက်စီး၍ အသုံးပြုမရမှုများ ရှိနေပါသည်။ အခြားသောလျှပ်စစ်စွမ်းအင်ဇီဝလောင်စာများကို မိမိတို့ကျေးရွာတွင် မရှိသောကြောင့် အသုံးပြုခြင်းမရှိပါ။

**(၃) ဆက်သွယ်ရေးသတင်းအချက်အလက်ဆိုင်ရာနည်းပညာ**

(၅-၆) **ဆက်သွယ်ရေးသတင်းအချက်အလက်ဆိုင်နည်းပညာ**

ဇယား(၁၅) ဆက်သွယ်ရေးသတင်းအချက်အလက်ဆိုင်ရာနည်းပညာအခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| အရေအတွက် | ၇ | ၅ | ၁ | ၁ |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ဒေတာကောက်ယူရာတွင် အိမ်ခြေအများစုသည် ဆက်သွယ်ရေးဖုန်းရှိသောကြောင့် သတင်းအချက်အလက်နှင့်နည်းပညာများကို လွယ်ကူစွာရယူနိုင်သည်။ အချို့သောအိမ်ခြေများသည် ရေဒီယို တီဗွီများကိုကြည့်ရှုနားဆင်ခြင်းအားဖြင့် သတင်းများကို ကြားသိရပါသည်။



**(၆-၁) ကျောင်းတက်နှုန်း**

ဇယား(၁၆) ကျောက်တက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၇ | ၁၈ | ၂၅ |
| အလယ်တန်း | ၆ | ၂ | ၈ |
| အထက်တန်း | ၂ | ၁ | ၃ |
| တက္ကသိုလ်/ကောလိပ် | - | - | - |

ရင်းမြစ်…..(၁) ကျောင်းဝင်စာရင်း၊ (၂)ဆယ်အိမ်မှူးများ

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာတွင် ရှေးယခင်ကတည်းက ပညာတတ်နည်းပါးပြီး အသိပညာ ဗဟုသုတအားနည်းခြင်းကြောင့် ယခုတိုင်အောင် အထက်တန်းကျောင်းနေမှုနှုန်း နည်းပါးလျက်ရှိပါသည်။ တောင်သူလုပ်ငန်းကိုသာ အဓိကအားထားလုပ်ကိုင်သူများသောကြောင့် သားသမီးများ၏ ကျောင်းနေစရိတ်များ ထောက်ပံ့ပေးမှုအနည်းခြင်းကြောင့် သားသမီးများအား ပညာရေးဆုံးခန်းတိုင်အောင် ပံ့ပိုးပေးနိုင်ခြင်း မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၆-၂) စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ

ဇယား(၁၇) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| က။ ကျောင်းအဆင့် | မူလတန်း | | | အလယ်တန်း | | | | | |
| ခ။ ရွာမှအကွာအဝေး | ၀ မှ ၁ မိုင် | | | | | | | | |
| ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် | | | | | | | | |
| ဃ။ စာသင်ကျောင်း၏စုစုပေါင်း<br>ကြမ်းခင်းဧရိယာ(စတုရန်ပေ) | ၆၇၅ပေ | | | | | | | | |
| င။ အမိုး၊နံရံ၊အခင်း၊အရည်အသွေး | ညံ့ | | | - | | | | | |
| စ။ ကျောင်းသုံးပရိဘောဂလုံလောက်မှု | မလုံလောက်ပါ | | | မလုံလောက်ပါ | | | | | |
| ဆ။ ကျောင်းအိမ်သာအခြေအနေ | သင့် | | | သင့် | | | | | |
| ဇ။ ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည် | | | တိုက်ကျွေးမှုမရှိပါ | | | တိုက်ကျွေးမှုမရှိပါ | | |
| ဈ။ ကျောင်းဆရာ/မဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | ၂ | ၁ | ၃ | - | - | - | - | - | - |
| ကျေးရွာခန့် | - | - | - | - | - | - | - | - | - |

ရင်းမြစ်….(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း၊ ရပ်မိရပ်ဖအုပ်စု။ (၂) မိဘဆရာအသင်း

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာတွင် မူလတန်းကျောင်းရှိသည်။ ရွာမှကျောင်းသို့ အကွာအဝေး ၀မှ၁မိုင်ကြားတွင်ရှိပြီး ခြေလျင်ဖြင့်သာသွားလာရပါသည်။ စာသင်ကျောင်းစုစုပေါင်း ကြမ်းခင်းစတုရန်းပေ(၆၅၇)ရှိပါသည်။ အမိုးနံရံအခင်းအရည်အသွေးညံ့ပြီး မိုးတွင်းကာလတွင် အခက်အခဲများစွာတွေ့ရပါသည်။ ကလေးများ ပညာရေးတွင် အလယ်တန်းကျောင်းမရှိခြင်းကြောင့် တမူးမြို့(သို့)ဟုမ္မလင်းမြို့သို့ ကျောင်းထားရသောကြောင့် မိဘများလမ်းစရိတ်၊ စားစရိတ်အခက်အခဲများကြောင့် မိဘများကျောင်းမှာ အခက်အခဲရှိပြီး ကျောင်းမထားနိုင်ခြင်း၊ ငွေကြေးအခက်အခဲများရှိကြောင်း လေ့လာတွေ့ရှိရသည်။

**(၇) ကျန်းမာရေးနှင့်အဟာရ**

**(၇-၁) အဖြစ်များသော ရောဂါများ**

ဇယား(၁၈) အဖြစ်များသောရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ ဖြစ်ပွားမှု |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | နိမ့် |
| ၂ | သွေးလွန်တုတ်ကွေး | နိမ့် |
| ၃ | ငှက်ဖျား | နိမ့် |
| ၄ | အသင်ရှုလမ်းကြောင်းကူးစက်ရောဂါ | မရှိ |
| ၅ | HIV, AIS လိင်မှတဆင့်ကူးစက်နိုင်သောရောဂါများ | မရှိ |
| ၆ | တီဘီရောဂါ | နိမ့် |
| ၇ | ဆီးချို | နိမ့် |
| ၈ | သွေးတိုး | နိမ့် |
| ၉ | အသည်းရောဂါ(ဘီ၊ စီ) | နိမ့် |
| ၁၀ | အာဟာရချို့တဲ့မှု | နိမ့် |
| ၁၁ | အခြားကူးစက်နိုင်သောရောဂါများ | နိမ့် |

ရင်းမြစ်…..(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။ (၂)ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲ

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာတွင် ရာသီဥတုဖောက်ပြန်မှုဒဏ်ကြောင့် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေးရောဂါများမကြာခဏဖြစ်တတ်သည်။ ငှက်ဖျားရောဂါများမကြာခဏဖြစ်ပွားသော်လည်း ကျန်းမာရေးဌာနကျွမ်းကျင်ဝန်ထမ်းများမရှိသောကြောင့် အခက်အခဲများစွာ ကြုံတွေ့ရသည်။

**(၇-၂) လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

ဇယား(၁၉)လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း(ရှိ/မရှိအမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | Â |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊မေးခိုင်နှင့်အသည်းရောင်အသားဝါ | Â | |
| ၃ | ပိုလီယိုရောဂါ | Â | |
| ၄ | မေးခိုင်(ကိုယ်ဝန်ဆောင်ကာလအတွင်း) | Â | |
| ၅ | ဝက်သက်ရောဂါ | Â | |
| ၆ | အခြားစုပေါင်းကာကွယ်ဆေးထိုးနှံမှု | | Â |
| ၇ | အာဟာရမှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊လက်မောင်းပတ်) | | Â |
| ၈ | အာဟာရပညာပေးအစီအစဉ် | | Â |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊(၂)ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ

**လေ့လာတွေ့ရှိချက်။ ။** ကျွန်ုပ်တို့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းရှိပါသည်။ သားဖွားဆရာမ(၂)ဦး၊ ကြီးကြပ်(၂)ဦး၊ ဝန်ထမ်း(၂)ဦးခန့်ထားပြီး ကျန်းမာရေး စောင့်ရှောက်ပေး လျက်ရှိပါသည်။ အထက်ရောဂါရှိသူများ ကာကွယ်ဆေးထိုးနှံခြင်းများ ပြုလုပ်ပေးလျက်ရှိပါသည်။ အာဟာရ ကျန်းမာရေးပညာပေးအစီအစဉ်ပြုလုပ်ထားခြင်းမရှိကြောင်း လေ့လာတွေ့ရှိရသည်။



**(၇-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေးဝန်ဆောင်မှု | ခရီးအကွာအဝေး(မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ဌာနခွဲ | ၁မိုင် | - |
| တိုက်နယ်ဆေးရုံ | ၁၀ မိုင်အထက် | ရှိ |
| မြို့နယ်ဆေးရုံ | ၁၀ မိုင်အထက် | မရှိ |
| ဆေးဆိုင် | ရွာတွင်(သို့မဟုတ်)ရွာအနီးနားတွင် ဆေးဆိုင်ရှိသည် | ဆေးဆိုင်တွင်ဆေးဝါးများကို စနစ်တကျသိုလှောင်ထားသည် |

ရင်းမြစ်…(၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ (၂) ကျေးလက်ကျန်းမာရေး ဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။** ကျွန်ုပ်တို့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတည်ဆောက်ထားသော ကြောင့် နာမကျန်းဖြစ်သူများ ဆေးခန်းသို့လွယ်ကူစွာသွားရောက်ကုသနိုင်သည်။ ဆေးခန်းတွင် ကုတင်(၁)လုံးသာရှိ၍ လုံလောက်မှုမရှိကြောင်း တွေ့ရှိရသည်။ နာတာရှည်ရောဂါရှိသူများ၊ ပြင်းထန်သော ရောဂါများ အရေးပေါ်အခြေအနေသို့ရောက်ရှိလာပါက မြို့ပေါ်တွင် သွားရောက်ကုသမှုခံယူရာတွင် ခရီးကွာ ဝေးသောကြောင့် အခက်အခဲများစွာရှိနေကြောင်း လေ့လာတွေ့ရှိရသည်။

**(၇-၄) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

**(၇-၄-၁) သောက်သုံးရေရရှိမှု**

ဇယား(၂၁) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးမှု (စနစ်တကျ စမ်းသပ်စစ်ဆေးထားမှုရှိပါက"ရှိ" မရှိပါက"မရှိ" | ရေအရည်အသွေး (သောက်သုံးရေအရည် အသွေးစမ်းသပ်စစ်ဆေး ထား မှုတွင်"ရှိ"ဟု ဖြေဆိုထားပါက ဖြေဆိုရန်"မရှိ"ဟု ဖြေဆိုထားပါက ဖြေဆိုရန်မလိုပါ) | သောက်သုံးရေရရှိ နိုင်မှုနှင့်လုံလောက် မှုအခြေအနေ (ရာသီမရွေးရပါက နွေ၊ မိုးနှင့်ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပါပါရန်) |
|---|---|---|---|---|
| ရေတွင်း | - | - | - | - |
| အဝီစိတွင်း/ | - | - | - | - |

| | | | | |
|---|---|---|---|---|
| စက်တပ် | | | | |
| အဝီစိတွင်း/ တုံကင် | - | - | - | - |
| မိုးရေ သိုလှောင်ကန် | - | - | - | - |
| မြစ်/ချောင်းရေ | - | - | - | - |
| ရေကန် | ၂၈ | မရှိ | သင့် | မိုး၊ဆောင်း |
| စိမ့်စမ်းရေ | ၂၈ | မရှိ | သင့် | မိုး |

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်**။ ။ ကျွန်ုပ်တို့ကျေးရွာသည် စိမ့်စမ်းရေများကိုသာ သောက်သုံးရေအဖြစ် အသုံးပြုလျက်ရှိပြီး ရေကန်(၂)ကန်သာရှိသောကြောင့် နွေရာသီရေရှားပါးချိန်တွင် ရေပိုက်များကို ပွေးကောင်များ



ကိုက်ဖြတ်ဖျက်စီးမှုကြောင့် ရေရှားပါးမှုပြဿနာများကြုံတွေ့ရပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာတွင် ရေရရှိရေးအတွက် သံပိုက်များအသုံးပြုပေးမှသာ အဆင်ပြေမည့် အနေအထားရှိကြောင်း သုံးသပ်မိပါသည်။

**(၇-၄-၂) သန့်ရှင်းရေအခြေအနေ(အိမ်သာအမျိုးအစားနှင့်အိမ်ထောင်စုအရေအတွက်)**

ဇယား(၂၂) အိမ်သာအမျိုးအစား

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သောအိမ်ထောင်စု |
|---|---|
| သန့်ရှင်းသောရေလုံအိမ်သာသုံးစွဲမှု | |
| ရေဆွဲအိမ်သာ | - |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၅ |
| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သောအိမ်ထောင်စု |
| မသန့်ရှင်းသော ရေလုံအိမ်သာသုံးစွဲမှု | ၁၀ |
| တွင်း/ဇလားအိမ်သာ | - |
| တွင်းမရှိအိမ်သာ | ၁ |
| အိမ်သာမရှိ | - |

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်**။ ကျွန်ုပ်တို့ကျေးရွာတွင် ဖွံ့ဖြိုးမှုမရှိသောကြောင့် သန့်ရှင်းသောယင်လုံအိမ်သာ သုံးစွဲနိုင်မှုမရှိသေးပါ။ လူအများစုမှာ ရေလောင်းအိမ်သာကိုသာအသုံးပြုကြပြီး အိမ်ထောင်စုအနည်းငယ်သာတွင် ဇလားအိမ်သာကို အသုံးပြုနေကြောင်း လေ့လာတွေ့ရှိရသည်။

**(၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

ဇယား(၂၃) ကျေးရွာ၏ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များအခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန် |
|---|---|---|
| ၁။ | စားနပ်ရိက္ခာမဖူလုံမှု | နိမ့် |
| ၂။ | သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊ စိုက်ပျိုးရေး) | နိမ့် |

| | | |
|---|---|---|
| ၃။ | ရေကြီးခြင်း | မရှိ |
| ၄။ | မိုးခေါင်ခြင်း | နိမ့် |
| ၅။ | အအေးလွန်ကဲခြင်း | လတ် |
| ၆။ | မုန်တိုင်း | နိမ့် |
| ၇။ | လျှော | နိမ့် |
| ၈။ | မီးဘေး | နိမ့် |
| ၉။ | ဆားငန်ရေဝင်မြေ | မရှိ |
| ၁၀။ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | နိမ့် |
| ၁၁။ | သစ်တောပြုန်းတီးခြင်း | လတ် |
| ၁၂။ | ငှက်ဖျားရောဂါ | လတ် |
| ၁၃။ | တီဘီရောဂါ | လတ် |
| ၁၄။ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် |
| ၁၅။ | ပြည်တွင်းပဋိပက္ခ | မရှိ |
| ၁၆။ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | မြင့် |
| ၁၇။ | လူကုန်ကူးခြင်း | မရှိ |
| ၁၈။ | ဝေးလံခေါင်းသည့်/လမ်းပန်းဆက်သွယ်ရေခက်ခဲစသည် | နိမ့် |

ရင်းမြစ်….. ဦးတည်အုပ်စု ဆွေးနွေးခြင်း



## (၉) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ် အခြေအနေ

| အခက်အခဲ | အန္တရာယ်ရှိမှု |
|---|---|
| မြေဆီသြဇာအခြေအနေ | လတ် |
| အပင်မျိုးစိတ်များ | နိမ့် |
| ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု | နိမ့် |
| ရေအရင်းအမြစ် | နိမ့် |
| ငါးမျိုးကွဲများ | နိမ့် |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် |
| စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု | မြင့် |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မြေသြဇာအသင့်အတင့်ရှိပြီး အပင်မျိုးစေ့များဝယ်ယူရရှိသော်လည်း နည်းပညာများ လိုအပ်ခြင်း၊ မိုးခေါင်သောနှစ်တွင် ရေလုံလောက်မှုမရှိခြင်း စသည်များတွေ့ရှိရသည်။ တိရစ္ဆာန်မျိုးကွဲများ ရယူရန် လွယ်ကူသော်လည်း စားကျက်မြေကျယ်ပြန့်မှုမရှိသောကြောင့် မွေးမြူရန်အခက်အခဲများ ရှိနေသည်ကို တွေ့ရှိရသည်။

## (၁၀) ကျား-မ ရေးရာ

ဇယား(၂၅) ကျား-မ ရေးရာ

| စဉ် | ကျေးရွာ၏လူမှုစီးပွားဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင်တက်ရောက်သူများမှ မှန်သည်ဟုယူဆသောတစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု/ကောင်းဆောင်မှု | - | မရှိ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်မှု | ရှိ | - |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယံဖြစ်ဖွယ် အကြမ်းဖက်မှု(သို့) တိုင်ကြားမှုများ | - | မရှိ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်များအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏အသိအမြင်ရှိမှု | - | မရှိ |

ရင်းမြစ်…(၁) အဖွဲ့အစည်းများစာရင်း၊(၂)ဦးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်**။ ။ အုပ်ချုပ်စီမံမှုပိုင်းတွင် အမျိုးသမီးခေါင်းဆောင်ပြီး လုပ်ငန်းဆောင်ရွက်မှုများ မရှိသည်ကို တွေ့ရှိရသည်။ အမျိုးသားများကိုသာ အဖွဲ့အစည်းတိုင်းတွင် တွေ့ရသည်။ အမျိုးသမီးများအတွက် ပညာပေးဟောပြောပွဲများ ကျင်းပပေးမှုအားနည်းနေကြောင်း လေ့လာတွေ့ရှိရသည်။